# 7

# B群溶血性レンサ球菌 (အုပ်စုBစတက်တိုကောကပ်ဘက်တီးရီးယား)



B群溶血性レンサ球菌(GBS)は、ふつうは問題にならない膣の中にいる細菌(常在菌)のひとつです。
妊娠していないときは問題にはなりませんが、妊娠中 にママの膣になかに GBS がいることがわかる(陽性)と治療が必要です。それは、赤ちゃんが膣を通って生まれてくるので、出産のときに赤ちゃんにうつってしまうことがあるからです。GBS にうつってしまうと赤ちゃんの状態 がとても悪くなってしまうことがあります。
GBS がいても妊娠中は赤ちゃんにうつりませんが、出産のときにうつる可能性があるので、陣痛がきたときや破水をしたときは、赤ちゃんを GBS から守るための準備として、ママが抗生物質の点滴をうけます。

## Q:どんな検査をするの？

A: 膣のなかの細菌の検査です。時期は、妊娠33～37週 ごろの出産 に近い時期にあります。

## Q:どんな治療をするの？

A: GBS が陽性といわれたら、出産についての説明があります。治療は、陣痛がはじまったときや破水をしたときに、入院してペニシリン系の抗生物質の点滴を数時間ごとにうけます。

## Q:もし赤ちゃんが感染したらどうなるの？

A: 赤ちゃんは肺炎、髄膜炎などの重症 な状態 になり、亡くなってしまうことがあります。生まれた赤ちゃんにすぐに抗生物質の点滴をして治療する方法もありますが、出産のときにママが抗生物質の点滴をうけるほうが効果的といわれています。

အုပ်စု B စတက်တိုကောကပ်ဘက်တီးရီးယား( GBS )သည် ပုံမှန်ပြဿနာမရှိသော်လည်းသားအိမ်လမ်းကြောင်းအတွင်းနေထိုင်သောပိုးတစ်မျိုးဖြစ်သည်။
ကိုယ်ဝန်မဆောင်လျှင်စိတ်မပူရသော်လည်း ကိုယ်ဝန်ဆောင်စဉ်တွင် မိခင်၏သားအိမ်အတွင်း GBS စစ်ဆေးချက်ပေါ့စတစ်
ဖြစ်လျှင်ကုသမှုလိုအပ်ပါသည်။အဘယ့်ကြောင့်ဆိုသော် ကလေးသည်သားအိမ်လမ်းကြောင်းကိုဖြတ်ကာမွေးလာမည်ဖြစ်၍အဆိုပါပိုးသည်ကလေးအားကူးစက်သွားမှာစိုးသောကြောင့်ဖြစ်သည်။ GBSကူးစက်သွားသောကလေး၏အခြေအနေအလွန်ဆိုးရွားသွားမှုများရှိသည်။
GBSရှိသော်ငြားကိုယ်ဝန်ဆောင်စဉ်ကလေးအားမကူးစက်သော်လည်းမီးဖွားချိန်ကူးစက်နိုင်ချေလည်းရှိသောကြောင့် ဝမ်းဗိုက်
နာချိန်နှင့်ရေမွှာပေါက်ချိန်တို့တွင်မိခင်သည်ပဋိဇီဝပိုးသတ်ဆေးကိုထိုးထားရပါမည်။

## Q:ဘယ်လိုဆေးစစ်ချက်လုပ်မလဲ?

A: သားအိမ်အတွင်းရှိပိုးများကို ကိုယ်ဝန် ၃၃ ပတ် မှ ၃၇ ပတ်အတွင်းမီးဖွားချိန်နီးသောအချိန်တွင်စစ်ဆေးခြင်းဖြစ်သည်။

## Q:ဘယ်လိုကုသမှုမျိုးလုပ်မလဲ?

A: GBSကပေါ့စတစ်ဖြစ်လျှင် မီးဖွားခြင်းဆိုင်ရာရှင်းပြချက်များပြုလုပ်ပါသည်။ဝမ်းဗိုက်နာလာချိန်နှင့်ရေမွှာပေါက်လာချိန်တို့တွင်ဆေးရုံ၌ ပင်နီစလင် အမျိုးအစားဖြစ်သောပဋိဇီဝပိုးသတ်ဆေးထိုးခြင်းကိုနာရီအနည်းငယ်ကြာပြုလုပ်ရပါမည်။

## Q:အကယ်၍ကလေးပိုးကူးစက်လျှင်ဘာတွေဖြစ်လာမလဲ

## ?

A: ကလေးငယ်တွင်အဆုတ်ရောင်ရောဂါ၊ဦးနှောက်အမြှေးရောင်ရောဂါစသောရောဂါပြင်းများဖြစ်၍နောက်ဆုံးအသက်ဆုံးရှုံးခြင်းများဖြစ်တတ်ပါသည်။မီးဖွားပြီးကလေးအားပဋိဇီဝပိုးသတ်ဆေးထိုးခြင်းထက်မီးမဖွားမီမိခင်မှထိုးထားခြင်းကပိုမိုအကျိုးသက်ရောက်ရှိသည်ဟုပြောကြပါသည်။